# ပထမအကြိမ် အမျိုးသားလွှတ်တော် န၀မပုံမှန် အစည်းအဝေး

# (၁၆)ရက်မြောက်နေ့ အစီအစဉ်

# [၂၄- ၂ - ၂၀၁၄ ]

# ( တနင်္လာနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် (၁၆)ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်တွင် တိုးချဲ့ဖွဲ့စည်းသည့် အဖွဲ့ဝင်၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်း။

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ က ဖြေကြားခြင်း -

(က) ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **ဆင်းရဲမှုအကြောင်း (poverty line) ဖော်ပြခြင်း၊ ဆင်းရဲမှုသံသရာ (poverty circle) မှ လွတ်ရန် ဆောင်ရွက်ခြင်းတို့ကို နိုင်ငံတကာ အတွေ့အကြုံများဖြင့် စီမံဆောင်ရွက်နေခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) ၏ **တယ်လီဖုန်းနှင့် မြန်မာ့ရုပ်မြင်သံကြား သတင်းဆက်သွယ်ရေးလုပ်ငန်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **၂၀၁၄ ခုနှစ်တွင် ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမှု ပြီးစီးသည့်အခါ အစဥ့်အဆက် အတည်ပြုထားခဲ့သည့် တိုင်းရင်းသား လူမျိုး(၁၃၅)မျိုး၏ စာရင်းကို ပြန်လည် ပြုပြင်သွားရန်** အစီအစဥ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၇။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပေးပို့လာသော တရားမကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပေးပို့လာသော တရားမကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ ရဲညွှန့်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၀။ အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းနှင့်ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီ ၏ ၂၀၁၃-၂၀၁၄ ခုနှစ်၊ တတိယသုံးလပတ်ကုန်အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း။

၁၁။ အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီ၏ ၂၀၁၃-၂၀၁၄ ခုနှစ်၊ တတိယသုံးလပတ်ကုန်အထိ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၂။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၆)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၇)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။